## a win-win situation

သူမနာ ကိုယ်မနာ၊ နှစ်ဦးနှစ်ဖက် အကျိုးရှိ၊

ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ၊ မြွေမသေ တုတ်မကျိုး၊

*(a situation that has good results in many ways)*




"ကျွန်မက မုန့်ဖုတ်တာ ဝါသနာပါတယ်။ ရှင်က အစားသန်တယ်။
ရှင့်ကို ယူတာ နှစ်ဦးနှစ်ဖက် အဆင်ကို ပြေရဲ့။"

Buying a house is **a win-win situation**. If you sell it, you make money. If you keep it, you make money.

ဘယ်လိုပဲ ကြည့်ကြည့် အိမ်ဝယ်ရကျိုးနပ်တယ်။ ရောင်းရင်လည်း ငွေရတယ်။ မရောင်းဘဲထားတော့လည်း ငွေရတာပဲ။

I rent a room in my brother's house. He needs the extra money. I need a room. It's **a win-win situation.**

ငါ့အစ်ကိုရဲ့ အိမ်မှာ အခန်းငှားနေတာ။ သူကလည်း အပိုဝင်ငွေလေး လိုနေ၊ ကိုယ်ကလည်း အခန်းလိုနေဆိုတော့ အတော်ဖြစ်သွားတာပေါ့။ သူလည်း အဆင်ပြေ ကိုယ်လည်း အိုကေ။

## that's it

ကုန်ပြီ၊ ပြောင်ပြီ၊ မရှိ/မကျန်တော့ဘူး၊

*(nothing more)*




"ဘီစကစ်တွေ နောက်ထပ် ကျန်သေးလား။"

"ပြောင်ပြီလေ။"

A: You're going to Europe? To France? Germany? Spain?

B: Just to Italy. **That's it.**

A: ဥရောပကို သွားမယ်ပေါ့။ ပြင်သစ်လား။ ဂျာမနီလား။ စပိန်လား။

B: အီတလီကိုပဲ သွားမှာ။ တခြား ဘယ်မှ မသွားတော့ဘူး။

A: We have just 24 hours to finish this project!

B: Twenty four hours? **That's it?**

A: Yes, that's all the time we have.

A: ဒီစီမံကိန်း/သုတေသန လက်စသတ်ဖို့ (၂၄)နာရီပဲ အချိန်ရတယ်။

B: (၂၄)နာရီပဲလား။ အဲဒီလောက်ပဲ အချိန်ရတာလား။

A: အေးဟ၊ အဲဒီလောက်ပဲ။

NOTE: *cookie (US) = biscuit*